ဇွန် (၁၅)

## သင်သည်အချိန်တိုင်းတွင် ဆုတောင်းနိုင်ပါသည်။

**ဘုရား**သခင်၏ နှုတ်ကပတ်တော်က မိမိတို့အား "မခြားမလပ် ဆုတောင်းပဋ္ဌနာပြုကြ" ရန် သွန်သင်သည်။ (၁သက် ၅း၁၇) မိမိဆုတောင်းကို ကြားနာရန်အတွက် သင်၏လက်ခြေတို့ဖြင့် ဝပ်တွားလျက် အသည်းအသန် ဆုတောင်းရန် မလိုပါ။ ဆုတောင်းခြင်းဆိုသည်မှာ သင့်အနေနှင့် အခြားမည်သည့်အရာကို လုပ်နေသည် ဖြစ်စေ တစ်ချိန်လုံးလုပ်နိုင်သောအရာတစ်ခု လုပ်သင့်သောအရာတစ်ခုသာ ဖြစ်သည်။ ဥပမာ မတ်တပ်ရပ်လျက် စဉ်းစားခြင်းမျိုး။ သင်ပြုလုပ်သည့် မည်သို့သောအရာ၌မဆို သင်သည် ဘုရားသခင်၏ ဘိသိက်ပေးခြင်းနှင့် ဦးဆောင်မှုကို ရရှိနိုင်သည်။ သင်သည် မိမိပြုလုပ်နေသောအရာနှင့် ပတ်သက်၍ စဉ်းစားဆုတောင်းနေပြီး ဘုရားရှင်ထံမှ ဉာဏ်ပညာကိုတောင်းခံနေခဲ့လျှင် သူသည်ယင်းကို သင့်အားပေးအပ်လိမ့်မည်။ (ယာကုပ် ၁း၅)

မိမိမလုပ်ကိုင်မီ အရာရာနှင့်ပတ်သက်၍ ဘုရားသခင်အား မေးမြန်းပါ။ ထိုအရာက သူမိမိကိုပြုလုပ်စေလိုသော အရာဖြစ်ကြောင်း သေချာစေပါ။ "သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင် သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။" (သုတ္တံ ၃း၆) မိမိလုပ်ဆောင်ခြင်းအား ခေတ္တရပ်လျက် သင်၏ဘုရားသခင်ထံမှ အကူအညီတောင်းခံခြင်းသည် သူ့အပေါ်မိမိ မှီခိုအားထားကြောင်းကိုပြသပြီး သင့်စိတ်ဝိညာဉ်ထံသို့ တိတ်ဆိတ်ခြင်းကိုလည်း ယူဆောင်လာသည်။ ဘုရားရှင်က သူ့အားအသိအမှတ်ပြုခြင်းကို ခံလိုပြီး သင်သည် သူ့ကိုလိုအပ်ကြောင်း သတိရစေလိုသည်။

(ဆုတောင်း) ကျွန်ုပ်တို့အား ကိုယ်တော်နှင့် နီးကပ်စွာရှိစေတော်မူပါ သခင်ဘုရား။ ကိုယ်တော်၏ အလိုတော်ဗဟိုချက်၌ မိမိတို့နေထိုင်နိုင်ရန်ကျွန်ုပ်တို့ကိုမစတော်မူပြီး နာခံခြင်းနှင့် တစ်ချိန်ပြီးတစ်ချိန် နောက်တော်သို့ လိုက်နေဖို့ကူမတော်မူပါ။ အချိန်တိုင်း မိမိတို့၏ နှလုံးကိုမှန်ကန်စွာ ထားရှိပေးပါ။ မိမိတို့စိတ်ကို မှန်ကန်စွာထားရှိပေးပါ။ မိမိတို့၏ ရည်ရွယ်ရင်းများတို့ကို မှန်ကန်စေတော်မူပါ။ ကိုယ်တော်နှင့် ပတ်သက်သောအရာအားလုံးကို မှန်ကန်စေတော်မူပါ။